myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

September 2, 2019 Volume 23, Number 1

| ၂.၉.၂၀၁၉ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၂၅ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၅၆၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၂/ကျပ် |
| CBM Rate | = ၁၅၂၃.၂/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၇၁.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၉၅.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၄၀.၉ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၃၃.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၂၄.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၂.၃၇ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၁၆၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၅.၆၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၂.၁၉ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၇၃၇ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## တစ်ပတ်အတွင်း ပြည်တွင်းအခေါက်ရွှေဈေးနှုန်း ကျပ်သုံးသောင်းကျော်တက်

ကမ္ဘာ့ရွှေဈေးနှုန်းမြင့်တက်လာမှုကြောင့် ပြည်တွင်းအခေါက်ရွှေဈေးနှုန်းသည် တစ်ပတ်အတွင်း တစ်ကျပ်သားလျှင် ကျပ်သုံးသောင်းကျော်မြင့်တက်ခဲ့သည်။ ဩဂုတ် ၂၃ ရက်တွင် ကမ္ဘာ့ရွှေဈေးတစ်အောင်စ ၁,၄၉၆ ဒေါ်လာနှင့် မြန်မာ့ရွှေဈေး ကျပ် ၁၂၂၂၅၀၀ ရှိခဲ့ပြီးနောက် ဩဂုတ် ၃၁ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စ ဒေါ်လာ ၁၅၂၀ နှင့် မြန်မာ့ရွှေဈေးကျပ် ၁၂၅၅၃၀၀ ထိရှိနေသည်။ ကမ္ဘာ့နိုင်ငံရေးဖြစ်စဉ်၊ စီးပွားရေးဖြစ်စဉ်တွေနဲ့သက်ဆိုင်နေတယ်။ ရေတိုတစ်ရက်၊ နှစ်ရက်အတွင်း အကျဘက်ပြန်ဦးတည်နေတယ်။ လောလောဆယ်တော့ ၁၂၅၄၀၀၀ ကျပ်ရှိနေတယ်ဟု ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းအတွင်းရေးမှူး ဦးဝင်းမြင့်က စက်တင်ဘာ ၁ ရက်တွင် ပြောသည်။ ရွှေဈေးနှုန်းမြင့်တက်လာမှုကြောင့် ဈေးကွက်တွင် ဝယ်ယူသူထက် ရောင်းချသူက ပိုများနေသည်ဟု ၎င်းကဆိုသည်။

စံချိန်တင်မြင့်တက်နေသည့် ပြည်တွင်းရွှေဈေးနှုန်းသည် ကမ္ဘာ့ရွှေဈေးနှုန်းတက်သည့် အခြေအနေပေါ်တွင်မူတည်နေပြီး ပြည်တွင်းရွှေအရောင်းအဝယ်ဈေးကွက်အတွင်း လက်ငင်းအရောင်းအဝယ်ပြုလုပ်ရန် ရွှေလုပ်ငန်းရှင်အသင်းများက သတိပေးထားသည်။ ရွှေဈေးမြှင့်တင်မရောင်းရန်နှင့် လက်ငင်းအရောင်းအဝယ်ပြုလုပ်ရန် မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များ အသင်းချုပ်ကလည်းထုတ်ပြန်ထားပြီး မလိုက်နာသည့် လုပ်ငန်းရှင်များစာရင်းကို ဝန်ကြီးဌာနများနှင့် ရန်ကုန်တိုင်းအစိုးရအဖွဲ့သို့ ပေးပို့မည်ဖြစ်ကြောင်း တွဲဖက်အတွင်းရေးမှူး (စီမံ) ဦးကြည်စိန်က ပြောသည်။ ဩဂုတ်တတိယပတ်ကလည်း ပြည်တွင်းရွှေဈေးနှုန်းတည်ငြိမ်စေရန် ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များ အသင်းချုပ်တို့ တွေ့ဆုံဆွေးနွေးခဲ့သည်။

**Source:** https://www.7daydaily.com/story/165167

## Brexit ကြောင့် ဗြိတိန်နိုင်ငံမှကုမ္ပဏီများ နယ်သာလန်နိုင်ငံသို့ပြောင်းရွှေ့

ဥရောပမှ ဗြိတိန်ခွဲထွက်မည့်ကိစ္စရပ် (Brexit) ကြောင့် ဥရောပသမဂ္ဂတွင် ဗြိတိန်နိုင်ငံ၏ရပ်တည်ချက် မသေချာမရေရာမှုများ ဆက်လက်ဖြစ်ပေါ်နေသဖြင့် ဗြိတိန်နိုင်ငံရှိ ကုမ္ပဏီ(၉၈)ခုသည် နယ်သာလန်နိုင်ငံသို့ရွှေ့ပြောင်းရန် ပြင်ဆင်နေကြကြောင်း၊ နောက်ထပ် ကုမ္ပဏီပေါင်း (၃၂၅)ခုသည်လည်း နယ်သာလန်နိုင်ငံ၌ ပြောင်းရွှေ့အခြေစိုက်ရန် စဉ်းစားနေကြကြောင်း နယ်သာလန်နိုင်ငံ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအေဂျင်စီ (Netherlands Foreign Investment Agency–NFIA) က ပြီးခဲ့သည့် တနင်္လာနေ့တွင် ကြေငြာခဲ့ကြောင်း နယ်သာလန် သတင်းဝက်ဘ်ဆိုဒ် nltimes.nl ၏ ၂၆.၈.၂၀၁၉ နေ့တွင် ထုတ်ပြန်ချက်အရ သိရှိရပါသည်။ နယ်သာလန်နိုင်ငံ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအေဂျင်စီ၏ အဆိုအရ နယ်သာလန်နိုင်ငံအနေဖြင့် ဗြိတိန်ခွဲထွက်မည့်ကိစ္စရပ်ကြောင့် ပြောင်းရွှေ့လိုနေသည့် ကုမ္ပဏီများအနက် ဘဏ္ဍာရေး၊ သတင်းအချက်အလက်နည်းပညာ၊ မီဒီယာနှင့်ကြော်ငြာလုပ်ငန်း၊ ကျန်းမာရေးနှင့်

လူမှုဘဝသိပ္ပံစသည့် နယ်ပယ်များရှိကုမ္ပဏီများကို ပိုမိုဆွဲဆောင်လျက်ရှိနေကြောင်း၊ ထို့ကဲ့သို့ ကုမ္ပဏီများ နယ်သာလန်နိုင်ငံသို့ ပြောင်းရွှေ့လိုကြခြင်းအကြောင်းရင်းမှာ ဘဏ်လုပ်ငန်းများအနေဖြင့် ဥရောပသမဂ္ဂအတွင်း ၎င်းတို့၏ ဘဏ်လုပ်ငန်း လိုင်စင်အား ဆက်လက်ထိန်းသိမ်းထားနိုင်ရေး၊ မီဒီယာလုပ်ငန်းများအနေဖြင့် ၎င်းတို့၏ ဥရောပသမဂ္ဂအတွင်း ရုပ်သံ ထုတ်လွှင့်ခွင့်ဆက်လက်ရရှိရေး စသည်တို့ကြောင့်ဖြစ်ကြောင်းသိရှိရပါသည်။ ဗြိတိန်နိုင်ငံပြင်ပရှိ စီးပွားရေးလုပ်ငန်းများ သည်လည်း Brexit ကြောင့် နယ်သာလန်နိုင်ငံ၌ ၎င်းတို့၏လုပ်ငန်းများ အခြေစိုက်နိုင်ရေးကို စိတ်ဝင်စားလျက်ရှိနေကြောင်း၊ မြောက်အမေရိက၊ အာရှနှင့်ဩစတြေးလျဒေသများမှ ကုမ္ပဏီလုပ်ငန်းများသည် ဥရောပသမဂ္ဂအတွင်း ဈေးကွက် ဝင်ရောက်ခွင့် ရရှိရေးအတွက် နယ်သာလန်နိုင်ငံ၌ လုပ်ငန်းများအခြေချရန် စောင့်ကြည့်နေကြကြောင်း၊ နယ်သာလန်နိုင်ငံ၏ ခိုင်မာသော ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာအခြေအနေများ၊ ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံနှင့် အင်္ဂလိပ်ဘာသာစကား အသုံးပြုမှု များသည့် လူဦးရေတို့ကြောင့် နယ်သာလန်နိုင်ငံမှာ ပြည်ပကုမ္ပဏီများအခြေစိုက်ရန် ဆွဲဆောင်မှုရှိနေကြောင်း နယ်သာလန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအေဂျင်စီကပြောကြားကြောင်းသိရှိရပါသည်။ ဥရောပသမဂ္ဂတွင် ဗြိတိန်ဆက်လက်တည်ရှိမှုမှာ မသေချာမရေရာမှုများရှိနေပြီး၊ no-deal Brexit ဖြင့် ဗြိတိန်ခွဲထွက်မည့် အလားအလာပိုများလာခြင်းမှာ နိုင်ငံတကာမှ ကုမ္ပဏီများအတွက် စီးပွားရေးကမောက်ကမဖြစ်မှု၏ အဓိကအကြောင်းရင်းဖြစ်လာကြောင်း၊ ထို့ကဲ့သို့ no-deal Brexit ဖြင့် ဗြိတိန်ခွဲထွက်မည့် အလားအလာများလာသည့်အတွက် ကုမ္ပဏီများအနေဖြင့် မိမိတို့ထံ ပို၍ဆက်သွယ်မှုပြုလုပ်လာကြကြောင်း၊ ဗြိတိန်ခွဲထွက်မည့် အရေးကိစ္စနှင့်အတူ လာမည့်နှစ်များတွင် ကုမ္ပဏီလုပ်ငန်းများအနေဖြင့် မိမိတို့နိုင်ငံအားပိုမိုရွေးချယ် လာကြမည်ဖြစ်ကြောင်း နယ်သာလန်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအေဂျင်စီ၏ကော်မရှင်နာဖြစ်သူ Jeroen Nijland က ပြောကြား ခဲ့ကြောင်း အဆိုပါသတင်းက ဖော်ပြထားပါသည်။

**Source: Https://nltimes.nl**

***စီးပွားရေးသံမှူး-ဘရပ်ဆဲလ်***

## ဟောင်ကောင်စီးပွားရေးလုပ်ငန်းများ ထိခိုက်နေသော်လည်း ပြန်လည်ဦးမော့လာမည် ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌမှ ပြောကြားခြင်း

ဟောင်ကောင်ဒေသ၌ တရားခံလွှဲပြောင်းပေးရေး ဥပဒေမူကြမ်းအား ၂ လ ခွဲကျော်ကြာ ဆန္ဒပြမှုများကြောင့် ဟောင်ကောင်၏ စီးပွားရေးအား ဆိုးဝါးစွာထိခိုက်မှုများဖြစ်ပေါ်နေပြီး အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၊ လက်လီအရောင်းဆိုင်များ၊ စားသောက်ဆိုင်များနှင့်ခရီးသွားလာရေးလုပ်ငန်းများအား ပြင်းထန်စွာထိခိုက်ကြောင်း၊ သို့သော် ဟောင်ကောင်အနေဖြင့် ကောင်းမွန်သည့်အခြေခံကောင်းများရှိသောကြောင့် ဆန္ဒပြမှုများပြီးဆုံးသွားလျှင် လျှင်မြန်စွာ ပြန်လည်ဦးမော့လာမည်ဖြစ်ကြောင်း Hong Kong General Chamber of Commer-HKGCC ၏ ဥက္ကဋ္ဌဖြစ်သူ Aron Harilela ကပြောကြားခဲ့ကြောင်း၊ ဆန္ဒပြမှုများနှင့်စပ်လျဥ်း၍ဆွေးနွေးရာတွင် ရလဒ်ကောင်းများမရှိကြောင်း၊ ပြီးခဲ့သည့် သီတင်းပတ်က လေဆိပ်တွင် ဆန္ဒပြမှုများသည်အတော်ဆိုးရွားပါကြောင်း၊ ဒုတိယလေးလပတ်တွင် GDP growth အနေဖြင့် ၀.၅ ရာခိုင်နှုန်း သာရှိကြောင်း၊ ဆန္ဒပြမှုများ မည်မျှကြာရှည်နေမည်ကို မသိနိုင်သောကြောင့် အခြေအနေဆိုးရွားနိုင်ကြောင်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများအနေဖြင့် ငွေသားစီးဆင်းမှုအပေါ် မှီခိုနေသောကြောင့် ကြီးမားစွာထိခိုက်နိုင်ကြောင်း၊ ငွေသား စီးဆင်းမှုရပ်တန့်သွားပါက လုပ်ငန်းများပိတ်သိမ်းရမည်ဖြစ်ကြောင်း၊ ဘဝရှင်သန်နေထိုင်ရန် ခက်ခဲမည်ဖြစ်ကြောင်း၊ လုပ်ငန်းများရပ်တန့်ပိတ်သိမ်းလျှင် အလုပ်လက်မဲ့များမည်ဖြစ်ကြောင်း၊ ဤအခြေအနေသည် ဆိုးရွားသည့်အခြေအနေ ဖြစ်သော်လည်း ဟောင်ကောင်အနေဖြင့် ကာလကြာရှည်စွာ အလုပ်လက်မဲ့နှုန်း သုညဖြင့် ရပ်တည်သောဒေသဖြစ် သောကြောင့် ရင်ဆိုင်ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ သန်ခေါင်စာရင်းနှင့်စာရင်းအင်းဌာနမှ အလုပ်လက်မဲ့နှုန်း ကြေညာ ရာတွင် ဧပြီလမှ ဇွန်လအထိ ၂.၈ ရာခိုင်နှုန်းမှ မေလမှ ဇူလိုင်လတွင် ၂.၉ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ကြောင်း၊ ကုန်သွယ်မှုများ လျော့နည်းလာခဲ့ကြောင်းနှင့် ဒေသတွင်းစားသုံးမှုများ နှေးကွေးလာပါကြောင်း၊ ဟိုတယ်လုပ်ငန်းများတွင်လည်း အခန်းငှားနှုန်း ၃၀ ရာခိုင်နှုန်းခန့်ကျဆင်းကြောင်း၊ နိုင်ငံပေါင်း ၂၀ ကျော်မှ ခရီးသွားလုပ်ငန်းများမှလည်း ဟောင်ကောင်သို့သွားမည့် ခရီးသွား များအား ခရီးသွားအကြံပေး (travel advisories )များ ဖြန့်ဝေမှုများပြုလုပ်ပြီး နိုင်ငံခြားသားခရီးသွားများမှလည်း ဟောင်ကောင်သို့ လာရောက်လိုခြင်းမရှိဘဲ လေယာဉ်ခရီးစဉ်များနှင့် အားလပ်ရက်အပမ်းဖြေခရီးစဉ်များပယ်ဖျက်ခြင်းတို့ ပြုလုပ်ကြောင်း၊ လက်လီအရောင်းဆိုင်များ၊ ခရီးသွားလုပ်ငန်းများနှင့် စားသောက်ဆိုင်များအား ဆိုးရွားစွာ ထိခိုက်စေကြောင်း၊ နိုင်ငံခြားသား စီးပွားရေး လုပ်ငန်းများရှင်များမှလည်း ဟောင်ကောင်သို့လာရောက်မည့် ခရီးစဉ်များအားဖျက်သိမ်းကြောင်း၊ ဟောင်ကောင်ပြင်ပသို့ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် စီစဉ်နေသူများအား ၂၁.၈.၂၀၁၉ ရက်နေ့က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ အမေရိကန်သမ္မတမှလည်း တရုတ်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ မတည်ငြိမ်မှုဖြစ်ပေါ်စေလိုပြီး၊ ဟောင်ကောင်တွင် ဖြစ်ပေါ်နေသော ဖြစ်ရပ်များသည်လည်း မတည်ငြိမ်မှုများဖြစ်ပေါ်စေနိုင်ကြောင်း၊ ဟောင်ကောင်၏စီးပွားရေးမှာ ပြန်လည်

ကောင်းမွန်လာနိုင်ပါကြောင်း၊ ဆန္ဒပြမှုများပြီးဆုံးပြီး ၆ လ မှ ၁၈ လ အတွင်း ဟောင်ကောင်၏ စီးပွားရေး ပြန်လည်ကောင်းမွန်လာနိုင်ကြောင်း၊ ဟောင်ကောင်အနေဖြင့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ကောင်းမွန်မှုနှင့်လွတ်လပ်စွာတရားစီရင်နိုင်ခြင်း၊ သတင်းအချက်အလက်များ လွတ်လပ်စွာရရှိနိုင်ခြင်း၊ လူစွမ်းအားနှင့်ငွေကြေးအစရှိသည့် အခြေခံကောင်းများရှိသောကြောင့် ဟောင်ကောင်၏စီးပွားရေးများ လျင်မြန်စွာပြန်လည်ဦးမော့လာမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် မဖြစ်နိုင်သော်လည်း လာမည့်နှစ် ၂၀၂၀ ခုနှစ်တွင် ပြန်လည်ဦးမော့လာမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။ ယခုလက်ရှိတွင် ဥပဒေနှင့်အမိန့်များ ထိန်းသိမ်းထားရန်အရေးကြီးပြီး HKGCC မှလည်း လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားလိုကြောင်း၊ ဟောင်ကောင်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ၁၂.၈.၂၀၁၉ နှင့် ၁၃.၈.၂၀၁၉ ရက်နေ့တို့တွင် ဆန္ဒပြမှုများကြောင့် လေကြောင်းလိုင်း ၉၇၉ လိုင်းအား ပယ်ဖျက်လိုက်ရကြောင်း လေဆိပ်အာဏာပိုင်များက ပြောကြားကြောင်း၊ ယခုကဲ့သို့ဖြစ်ပွားမှုများမှာ ဥပဒေမူကြမ်းကြောင့်သာမက အိမ်ခြံမြေ၊ လူမှုဘဝ နေထိုင်မှုနှင့် ချမ်းသာမှု ကွာဟချက်များကြောင့်လည်းဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့အားလည်း စာနာပါကြောင်း၊ ရဲတပ်ဖွဲ့အင်အား ၃၀၀၀၀ ကျော်သာရှိသောကြောင့် အင်အားနည်းပါးကြောင်း၊ သီတင်းပတ် ၁၁ ပတ်ကြာ ဆန္ဒပြနေမှုများအတွက် တာဝန်ထမ်းဆောင်နေရသောကြောင့်လည်း ပင်ပမ်းနေမည်ဖြစ်ကြောင်း HKGCC ၏ ဥက္ကဋ္ဌဖြစ်သူ Aron ကပြောကြား ထားမှုအား ၂၁.၈.၂၀၁၉ ရက်နေ့တွင် South China Morning Post သတင်းစာ၌ By Joseph Li ကရေးသားဖော်ပြထားသည့် သတင်းအားတင်ပြအပ်ပါသည်။

**Source: စီးပွားရေးသံမှူး-ဟောင်ကောင်**

## နယ်မြေမအေးချမ်းခြင်းကြောင့် ကုန်တင်ယာဉ်ရှားပြီး မူဆယ်-မန္တလေး ကုန်စည်ပို့ဆောင်ခများ ဈေးမြင့်တက်



မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေး၏ အဓိကလမ်းကြောင်းဖြစ်သော မူဆယ်-မန္တလေး ပြည်ထောင်စုလမ်းမတွင် နယ်မြေအေးချမ်းမှုမရှိခြင်းကြောင့် ကုန်တင်ယာဉ်ရှားပြီး ကုန်စည်ပို့ဆောင်ခ ၃၀ ရာခိုင်နှုန်းကျော်ဈေးမြင့်တက်သည်။ ကုန်တင်ယာဉ်အနည်းငယ်ရှားနေခြင်းကြောင့် ကုန်စည်ပို့ဆောင်ခ ဈေးတက်ခြင်းဖြစ်ကြောင်း အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း(မူဆယ်) ဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်ကဆိုသည်။ အခု လမ်းမှာသွားနေတဲ့ကားတွေက တထိတ်တလန့်သွားနေရတယ်။ စိုးရိမ်စိတ်ကြီးတဲ့ ကားသမားတွေဆို မသွားကြဘူးဟု ဦးဝင်းအောင်ခန့်ကပြောသည်။ လက်ရှိတွင် မန္တလေးမှမူဆယ်သို့ ကုန်စည်ပို့ဆောင်ခ တစ်တန်လျှင် ကျပ်သုံးသောင်းခွဲမှ လေးသောင်းအကြားဈေးရှိကြောင်း ၎င်းကပြောသည်။ မူဆယ်မှ မန္တလေးသို့ အဆင်းကားခ ၁၂ ဘီးယာဉ်တစ်စီးလျှင် ၂၁ သိန်းခန့်ဈေးရှိကြောင်းပြောသည်။ တိုက်ပွဲများမဖြစ်ပွားမီ ဩဂုတ် ၁၅ ရက်မတိုင်မီက မန္တလေးမှမူဆယ်သို့ ကုန်စည် ပို့ဆောင်ခ တစ်တန်လျှင် ကျပ်နှစ်သောင်းခွဲမှ ကျပ်သုံးသောင်းခန့်ဈေးရှိနေသည်။ ထို့အပြင် မူဆယ်မှမန္တလေးသို့ ကုန်စည်ပို့ဆောင်ခ ၁၂ ဘီးယာဉ်တစ်စီးလျှင် ကျပ် ၁၀ သိန်းခန့်သာရှိခဲ့သည်။ ကားခများမြင့်တက်သော်လည်း တရုတ် နိုင်ငံသို့ကုန်ပစ္စည်းများတင်ပို့ရန် မန္တလေးမှ ငါးလေးခြောက်၊ သတ္တု၊ ပဲမျိုးစုံနှင့် ဖရဲသီးအချို့ မူဆယ်မြို့သို့ နေ့စဉ်အဝင် ရှိကြောင်း မူဆယ်ကုန်သည်အချို့ကပြောသည်။

လက်ရှိ မူဆယ်-မန္တလေး လမ်းအခြေအနေသည် ကုန်စည်ပို့ဆောင်သူများ၊ ကုန်သည်များနှင့်ယာဉ်မောင်းများအတွက် ခက်ခဲသောအခြေအနေဖြစ်နေသည်။ လုပ်ငန်းများကို စိုးရိမ်စိတ်ဖြင့်လုပ်ကိုင်နေရသည်ဟု မူဆယ်မြို့မှကုန်တင်ယာဉ်ပိုင်ရှင်တစ်ဦးကဆိုသည်။ ပြီးခဲ့သည့်ရက်များက မူဆယ်-မန္တလေး ပြည်ထောင်စုလမ်းမတွင် ကုန်တင်ယာဉ်အပါအဝင် လူစီးယာဉ်ငယ်များနှင့် အဝေးပြေးယာဉ်တစ်စီး မီးရှို့ဖျက်ဆီးခံရသည်။

**Source:** https://www.7daydaily.com/story/164994

## အိန္ဒိယအဝယ်နည်း၍ မတ်ပဲနှင့် ပဲစင်းငုံဈေးပြန်ကျ

အိန္ဒိယကုန်သည်များ အဝယ်နည်းခြင်းကြောင့် ပြည်တွင်းဈေးကွက်တွင် ယခုတစ်ပတ်အတွင်း မတ်ပဲနှင့်ပဲစင်းငုံဈေးနှုန်းတစ်တန်လျှင် ကျပ်လေးသောင်းခွဲခန့် ဈေးကျဆင်းကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်အသင်းအတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။ ပြည်တွင်းကုန်သည်များက ရောင်းလိုအားများပြီး အိန္ဒိယမှ အဝယ်နည်းခြင်းကြောင့် မတ်ပဲတစ်တန်လျှင် ကျပ်ရှစ်သိန်းမှ ခုနစ်သိန်းငါးသောင်းငါးထောင်၊ ပဲစင်းငုံအဟောင်းက ကျပ်ကိုးသိန်းနှစ်သောင်းမှ ရှစ်သိန်းရှစ်သောင်းအောက် ဈေးကျဆင်းသည်ဟု ၎င်းကဆိုသည်။ ဒီပဲနှစ်မျိုးက အိန္ဒိယကုန်သည်တွေ ဈေးဖွင့်တဲ့အပေါ်

မူတည်နေတယ်ဟု ဦးမင်းကိုဦးကပြောသည်။ ဧရာဝတီတိုင်းနှင့်ပဲခူးတိုင်းဒေသအချို့တွင် ဆောင်းရာသီ၌စိုက်ပျိုးသော မတ်ပဲ၏အဓိကဈေးကွက်သည် အိန္ဒိယနိုင်ငံဖြစ်နေပြီး ပါကစ္စတန်နှင့်ဘင်္ဂလားဒေ့ရှ်သို့လည်းတင်ပို့သည်။ သို့သော် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မိုးသီးနှံအဖြစ်စိုက်ပျိုးသော ပဲစင်းငုံ၏အဓိကဈေးကွက်က အိန္ဒိယနိုင်ငံဖြစ်သည်။

လယ်ယာကဏ္ဍတွင် စပါးပြီးလျှင် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုက အရေးပါပြီး ယခုဘဏ္ဍာနှစ်တွင် ပြည်ပသို့ပဲမျိုးစုံ တင်ပို့မှုမှ ဒေါ်လာတစ်ဘီလီယံခန့်ရရှိထားသည်။ ထို့ကြောင့် အိန္ဒိယသို့ အစိုးရချင်းသဘောတူညီမှုဖြင့် ပဲရောင်းချရန် အစီအစဉ်ကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေး ဆွေးနွေးနေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောသည်။ လက်ရှိတွင် နှစ်နိုင်ငံအစိုးရချင်း စာချုပ်ချုပ်ဆိုရန် မြန်မာနိုင်ငံဘက်မှ စာချုပ်မူကြမ်းပေးပို့ထားသည်မှာ ခုနစ်လကျော်ရှိပြီဖြစ်ကြောင်း ဦးမင်းကိုဦးကပြောသည်။ မြန်မာပဲက အိန္ဒိယ အစိုးရရဲ့ မူဝါဒပေါ်မူတည်တယ်။ နယ်ကုန်သည်တွေလည်း ပဲသိပ်မလှောင်ရဲဘူး၊ အိန္ဒိယကိုမယုံလို့ဟု တောင်တွင်းကြီးမှ ကုန်သည်ဦးပြူးကပြောသည်။

အိန္ဒိယအစိုးရက ၂၀၁၈-၁၉ ဘဏ္ဍာနှစ်အတွက် မတ်ပဲနှင့် ပဲတီစိမ်းကို တန်ချိန် တစ်သိန်းခွဲစီနှင့် ပဲစင်းငုံကို တန်ချိန်လေးသိန်း ပြည်ပမှတင်သွင်းမည်ဟု တရားဝင်ကြေညာထားသည်။ ပဲစင်းငုံ လိုအပ်ချက်များခြင်းကြောင့် မူလတန်ချိန် နှစ်သိန်းသွင်းရန်ကြေညာပြီးမှ နောက်ထပ်တန်ချိန် နှစ်သိန်းထပ်မံတိုးမြှင့်ခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံကပဲမျိုးစုံကို အဓိကထား ဝယ်ယူပြီး လယ်ယာထွက်ကုန်အချို့ကိုလည်း မြန်မာနိုင်ငံမှတင်သွင်းသည်။ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန စာရင်းများအရ မြန်မာ၊ အိန္ဒိယနှစ်နိုင်ငံကုန်သွယ်ရေးသည် ယခုဘဏ္ဍာနှစ် ၁၀ လအတွင်း ကန်ဒေါ်လာ တစ်ဘီလီယံကျော်ရှိသည်။ အိန္ဒိယနှင့်နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်မှုတွင် မြန်မာနိုင်ငံက ပို့ကုန်တန်ဖိုးကန်ဒေါ်လာသန်း ၄၅၀ ကျော်ရှိပြီး သွင်းကုန်တန်ဖိုး သန်း ၆၄၀ ကျော်ရှိကာ အိန္ဒိယနိုင်ငံကအသာရနေသည်။

**Source:** https://www.7daydaily.com/story/165169

## မွန်ပြည်နယ်၌ ဆားကြမ်းတစ်ပိဿာ ကျပ် ၂၅၀ အထိ မြင့်တက်

မွန်ပြည်နယ်တွင် လက်ကျန်ဆားကြမ်းနည်းသည့် ဈေးတက်နေပြီး တစ်ပိဿာကျပ် ၂၅၀ ဈေးရှိနေကြောင်း ပြည်နယ် အတွင်းရှိ ဆားလုပ်ငန်းရှင်များကပြောသည်။ ဩဂုတ်အတွင်း ဖြစ်ပွားခဲ့သည့် ရေကြီးနစ်မြုပ်မှုကြောင့် သိုလှောင်ထားသည့် ဆားကြမ်းများ ပျက်စီးကာ လက်ကျန်ဆားကြမ်းနည်းပါးခြင်းကြောင့် ဈေးမြင့်တက်ခြင်းဖြစ်သည်ဟု ဆားလုပ်ငန်းရှင်များက ဆိုသည်။ ဆားကြမ်းဈေးက ၂၅၀ ရှိတယ်။ တက်သွားတယ် ပုံမှန်ဆိုရင်တော့ ၂၀၀ ကျော်စရာအကြောင်းမရှိဘူး။ အခုကတော့အဲ ဒီလိုအကြီးတန်းပျက်သွားတော့ နောက်ဆားတောင်သူတွေရဲ့ လက်ထဲမှာလည်းဆားသိပ်မရှိဘူးဟု ပင်ဆားလုပ်ငန်းရှင်တစ်ဦးလည်းဖြစ်၊ မွန်ပြည်နယ်ဆားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌလည်းဖြစ်သည့် ဦးဝင်းထိန်က ပြောသည်။

လက်ရှိတွင် မွန်ပြည်နယ်တစ်ခုလုံး၌ လက်ကျန်ဆားကြမ်း ခန့်မှန်းတန် ၄,၅၀၀ ရှိပြီးအဆိုပါ ဆားကြမ်းပမာဏသည် စားသုံးရန် လုံလောက်မှုရှိသော်လည်း လုပ်ငန်းသုံးအတွက် လိုအပ်နေကြောင်း၊ လုပ်ငန်းအတွက်လိုအပ်သည့် ဆားများကို လုပ်ငန်းဦးရေ အရေအတွက်ပေါ်မူတည်ပြီး ဧရာဝတီတိုင်းဒေသကြီးဘက်မှ တင်သွင်းရန်ရှိကြောင်း ၎င်းကပြောသည်။ မွန်ပြည်နယ်မှ ဆားပျက်စီးမှုရှိသော်လည်း အခြားတိုင်းနှင့် ပြည်နယ်တို့မှ လက်ကျန်ဆားများရှိသေး၍ ဆားဈေး အလွန်အကျွံ မတက်နိုင်ကြောင်း သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရောင်းဝယ်ရေး လုပ်ငန်း (မွန်ပြည်နယ်) ရုံး ပြည်နယ်ဦးစီးမှူး ဦးခင်စိုးကပြောသည်။ လက်ကျန်ဆားနည်းသွားလို့ ဈေးနည်းနည်းတက်မှာပေါ့။ ဒါပေမဲ့ တက်ချင်တိုင်းလည်းတက်လို့မရဘူး၊ မွန်မှာကဆားထွက်တာတစ်နိုင်ငံလုံးရဲ့ ၂၀ ရာခိုင်နှုန်းလောက်ပဲရှိတယ်။ အကြမ်းဖျင်း ပေါ့။ အဲဒီတော့ ၂၀ ရာခိုင်နှုန်းလေးကဖြစ်သွားတာ တခြားပြည်နယ်/တိုင်းမှာ ၈၀ ရာခိုင်နှုန်းထွက်ထားတယ်ဟု ၎င်းက ပြောသည်။

**Source:** https://www.7daydaily.com/story/165064

## မိုးစပါးမပေါ်မီ အခြေခံဈေးနှုန်းသတ်မှတ်ကြေညာနိုင်ဖွယ်ရှိ

အောက်တိုဘာလ မိုးစပါးမပေါ်မီ စပါးအခြေခံဈေးနှုန်းသတ်မှတ်ကြေညာနိုင်ရေးဆောင်ရွက်နေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ဩဂုတ် ၃၀ ရက်တွင် နေပြည်တော်၌ပြုလုပ်သည့် ဆန်စပါးဈေးကွက်နှင့်ဈေးနှုန်းဆိုင်ရာ သုံးသပ်အကြံပြုတင်ပြရေးလုပ်ငန်းကော်မတီ၏ ၁/၂၀၁၉ လုပ်ငန်းညှိနှိုင်းအစည်း



အဝေးအပြီး သတင်းမီဒီယာများအားပြောဆိုသည်။ အခုနွေစပါးကတော့ ပြီးသွားပြီ။ မိုးစပါးက အောက်တိုဘာလမှာ ပေါ်လာပါလိမ့်မယ်။ အဲဒီမတိုင်မီ ကျွန်တော်တို့က ထုတ်လုပ်မှုကုန်ကျစရိတ်နဲ့ အခြေခံဈေးနှုန်းကို သတ်မှတ်ကြေညာပေးရမှာဖြစ်ပါတယ်။ ထုတ်လုပ်မှုကုန်ကျစရိတ်ကတော့ အဓိက စိုက်ပျိုးရေးက တွက်ချက်ရရှိတဲ့စာရင်းဇယားတွေကိုပဲ အခြေခံမှာပါ။ အဲဒီအပေါ်မှာ မူတည်ပြီး ကျွန်တော်တို့က လွှတ်တော်ကိုယ်စားလှယ်တွေ တွက်တာ၊ တောင်သူလယ်သမားတွေ တွက်တာ၊ နောက်ပြီး CSO တွေတွက်တာ အဲဒါလေးတွေကို ပြန်ပြီးတော့ညှိနှိုင်းမှာဖြစ်ပါတယ်။ နောက်တစ်ခုက စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနက တွက်ထားတဲ့စာရင်းဟာ အများကိုကိုယ်စားပြုမှုရှိမရှိဆိုတဲ့ Test ကိုပဲ ကျွန်တော်တို့ လုပ်မှာဖြစ်ပါတယ်ဟု ၎င်းကပြောဆိုသည်။

ယခုအစည်းအဝေးသည် ပထမဆုံးအကြိမ် အစည်းအဝေးဖြစ်ပြီး အကြံ□□ဏ်များဖလှယ်ခြင်း၊ ဆန်စပါးတစ်ဧကထုတ်လုပ်မှုကုန်ကျစရိတ်အပေါ် ဖြစ်သင့်သည့်အခြေခံဈေးနှုန်း တွက်ချက်ရေးဆိုင်ရာကိစ္စများဆွေးနွေးခြင်းဖြစ်ကြောင်း၊ နောက်တစ်ကြိမ်အစည်းအဝေးကိုလည်း စက်တင်ဘာလလယ်ခန့်၌လုပ်ဆောင်ရန်ဆုံးဖြတ်ထားပြီး ဆန်စပါးတစ်ဧကထုတ်လုပ်မှုကုန်ကျစရိတ်အပေါ် ဖြစ်သင့်သည့်အခြေခံဈေးနှုန်းကို ထုတ်ပြန်ကြေညာဖွယ်ရှိနေကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။ မိုးစပါးကုန်ကျစရိတ်ရယ်၊ နွေစပါးကုန်ကျစရိတ်ရယ်မတူတဲ့အတွက်ကြောင့် ကျွန်တော်တို့က မိုးစပါးကိုသတ်သတ်၊ နွေစပါးကိုသတ်သတ် ထုတ်လုပ်မှုကုန်ကျစရိတ်နဲ့ အခြေခံဈေးနှုန်းတွေကို စဉ်းစားသတ်မှတ်သွားဖို့အတွက် ဆွေးနွေးဖို့ရှိပါတယ်။ ကုန်သည်တွေနဲ့ စက်ပိုင်တွေက သူတို့အနေနဲ့ ဘယ်လောက်အထိခံနိုင်ရည်ရှိမလဲ။ သူတို့က အတွေ့အကြုံအရ ဈေးကွက်တွေက ဘယ်လိုဖြစ်တတ်သလဲ။ နောက်နိုင်ငံတကာဈေးကွက်အခြေအနေကဘယ်လိုရှိသလဲ၊ သူတို့ကပိုသိတော့ အခြေခံဈေးနှုန်းရှိမယ်။ အခြေခံဈေးနှုန်းကနေပြီး တော့မှ ရာခိုင်နှုန်း ၃၀ မြှင့်ပြီးထားမလား၊ ရာခိုင်နှုန်း ၄၀ ထားမလား၊ ရာခိုင်နှုန်း ၅၀ ထားမလား။ အဲဒီဟာတွေကိုတွက်ချက်ပြီးတော့မှ တောင်သူလယ်သမားတွေအနေနဲ့ သူတို့ရဲ့ အကျိုးအမြတ်ရနိုင်တာလေးတွေကို ထည့်သွင်းတွက်ချက်ဦးမှာပါဟု ၎င်းကပြောဆိုသည်။ နွေစပါးဈေးနှင့် မိုးစပါးဈေး ခွဲခြားသတ်မှတ်ရန်ကိစ္စအား လက်ရှိစဉ်းစားနေချိန်သာရှိသေးသော်လည်း ရာသီနှစ်ခုစလုံးအတွက် စပါးဈေးကို ပျမ်းမျှသတ်မှတ်မည်ဆိုပါက မျှတမှုမဖြစ်နိုင်ကြောင်း၊ အကြောင်းရင်းမှာ နွေစပါးနှင့်မိုးစပါးတို့၏ ထုတ်လုပ်မှုကုန်ကျစရိတ် အနည်းငယ်ကွာဟမှု ရှိနေခြင်းကြောင့်ဖြစ်ကြောင်း ဒုတိယဝန်ကြီးက ဆက်လက်ပြောဆိုသည်။

**Source: https://myanmar.mmtimes.com/news/127778.html**

## ကွမ်းသီးမှောင်ခိုကြောင့် အိန္ဒိယအစိုးရ အခက်တွေ့နေ

ကွမ်းသီးတရားမဝင်ကုန်သွယ်တာကို အိန္ဒိယအစိုးရက မနစ်ကပိတ်ပင်လိုက်ပေမယ့် အရှေ့တောင်အာရှနိုင်ငံတွေက မှောင်ခိုကွမ်းသီးတွေဟာ မြန်မာနယ်စပ်ကတဆင့် လိမ့်ဝင်နေတုန်းပဲမို့ အိန္ဒိယအစိုးရဟာ သွင်းကုန်အခွန်မရဘဲဖြစ်နေတယ်လို့ Catch News online သတင်းကမနေ့က ဖော်ပြလိုက်ပါတယ်။ မြန်မာနိုင်ငံဟာ တစ်နှစ်ကို ကွမ်းသီးတန်ချိန် တစ်သောင်းထွက်ပေမယ့် အိန္ဒိယကို တန်ချိန် ၄ သောင်းရောက်နေပါတယ်။ ကျန်တဲ့တန်ချိန်သုံးသောင်းက အိန္ဒိယထက်ဈေးသက်သာတဲ့ အင်ဒိုနီးရှားနဲ့ထိုင်းက ကွမ်းသီးတွေဖြစ်ပါတယ်။ လာဘ်ပေးလာဘ်ယူလုပ်ပြီး ဈေးအတော်သက်သာတဲ့နှုန်းထားနဲ့ မြန်မာနယ်စပ်ကတစ်ဆင့်ဝင်လာတဲ့ မြန်မာ၊ ထိုင်းနဲ့အင်ဒိုနီးရှားက ကွမ်းသီးတွေကို အိန္ဒိယကုန်သည်တွေကဝယ်ချင်ကြပါတယ်။

ဒီနှစ်ဩဂုတ်လမှာ အာသံရဲတပ်ဖွဲ့ကတင်သွင်းတဲ့တိုင်ချက်မှာ ၂၀၁၅ ခုနှစ်ကစလို့ မြန်မာနိုင်ငံကနေ ကွမ်းသီးတင်ကား တစ်နေ့အစီး ၂၀၀ ဝင်လာပါတယ်။ ဒါပေမဲ့ ဘင်္ဂလားဒေ့ရှ်၊ မြန်မာ ဒါမှမဟုတ် တရုတ်နိုင်ငံတွေမှာ သွင်းကုန်အခွန်နဲ့အကောက်ခွန်ဆောင်ခဲ့တယ်ဆိုတဲ့ စာရွက်စာတမ်းပါမလာဘူးလို့ ဖော်ပြထားပါတယ်။ ကွမ်းသီးမှောင်ခိုတင်သွင်းမှုမှာ အဆင့်မြင့်အစိုးရတာဝန်ရှိသူတွေ ပါဝင်ပတ်သက်နေတယ်လို့လည်းဖော်ပြထားပါတယ်။

Source: RFA Burmese https://www.facebook.com/kope.aung

## ကန်ဒေါ်လာသန်း ၂၈၀ ကျော်နှင့် ကျပ် ၂၅ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှခွင့်ပြု



မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၄/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးအား ၂၀၁၉ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌဦးသောင်းထွန်းနှင့် အဖွဲ့ဝင် (၉)ဦး တက်ရောက်ကြပါတယ်။ အစည်းအဝေးတွင် လယ်ယာကဏ္ဍမှ လုပ်ငန်း(၁)ခု၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍမှ လုပ်ငန်း(၂)ခုနှင့် အိမ်ရာ အဆောက်အဦတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍမှ လုပ်ငန်း (၃)ခု စုစုပေါင်းလုပ်ငန်း (၆) ခုခွင့်ပြုခဲ့ပါတယ်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၂၁၄.၂၂၃) သန်းနှင့် ကျပ် (၂၅၇၃၃) သန်းရှိပြီးပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၃၇၄) နေရာကို ဖန်တီးပေးနိုင်မည် ဖြစ်ပါတယ်။

၁၉၈၈ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဇူလိုင်လကုန်အထိ နိုင်ငံပေါင်း (၅၀)နိုင်ငံတို့မှ စီးပွားရေးကဏ္ဍ (၁၂)ခု တွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပေါင်း (၁၇၇၉) ခု ရင်းနှီးမြှုပ်နှံလျက်ရှိရာ စုစုပေါင်းအမေရိကန် ဒေါ်လာသန်းပေါင်း (၈၁၂၄၉.၁၉၃) ဖြင့် ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုမိန့်များထုတ်ပေးခဲ့ပါတယ်။ ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သောနိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပါတယ်။ နိုင်ငံပေါင်း ၅၀ နိုင်ငံမှ စီးပွားရေးကဏ္ဍ (၁၂) ခုအနက် အများဆုံး ရင်းနှီးမြှုပ်နှံထားရှိမှုမှာ ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ (၂၇.၅၉%) ဖြင့်လည်းကောင်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ (၂၆.၀၇%) ဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ (၁၃.၉၄%) ဖြင့်လည်းကောင်းရင်းနှီးမြှုပ်နှံထားပါတယ်။

**Source:** SFJ Strategy First Journal

https://www.facebook.com/SFJWeekly/photos/a.361167873970511/2631240706963205/?type=3&theater

## တမူးနယ်စပ်တွင် ကုန်သွယ်ရေးဇုန်တစ်ခုလိုအပ်နေ

မြန်မာ–အိန္ဒိယနယ်စပ်တွင် ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်နေသော်လည်း သတ်မှတ်ထားသော ကုန်သွယ်ရေးဇုန် မရှိသဖြင့် တမူးနယ်စပ်၌ ကုန်သွယ်ရေးဇုန်တစ်ခုလိုအပ်နေကြောင်း ဩဂုတ် ၃၀ ရက်က ကလေး–-တမူး နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးလှမောင်က ပြောဆိုခဲ့သည်။ မြန်မာ–အိန္ဒိယ–တမူးနယ်စပ် ကုန်သွယ်ရေးစခန်းမှာ နှစ်နိုင်ငံကုန်သွယ်မှုတွေအရင် ကာလတွေထက်များစွာမြင့်မားတိုးတက်လာပါတယ်။ အိန္ဒိယနိုင်ငံရဲ့ ဝယ်လိုအားဈေးကွက်အလားအလာကောင်းမွန်ပြီး ကြီးမားတဲ့ဈေးကွက်တစ်ခုဖြစ်လာနေလို့ နှစ်နိုင်ငံကုန်သွယ်မှုကဏ္ဍမှာ မြန်မာ့ပို့ကုန်ဈေးကွက်က အသာစီးရရှိထားတဲ့ တစ်ခုတည်းသော ဈေးကွက်ဖြစ်ပါတယ်။ ဒါကြောင့် နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှုပြီး တမူးနယ်စပ်မှာ ကုန်သွယ်ရေးဇုန်တစ်ခု ဆောလျင်စွာအကောင်အထည်ဖော်ဆောင်ရွက်ပေးစေလိုပါတယ်ဟု ဦးလှမောင်ကပြောဆိုသည်။

မြန်မာ–အိန္ဒိယ–တမူးနယ်စပ် ကုန်သွယ်ရေးစခန်းကို ၁၉၉၅ ခုနှစ်တွင် စတင်ဖွင့်လှစ်၍ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကာ ယခုအချိန်တွင် လျှပ်စစ်မီး၊ ဆက်သွယ်ရေးဖုန်းနှင့်မော်တော်ကားလမ်းများ ကောင်းမွန်လာပြီး ကုန်သွယ်မှု လုပ်ငန်းများလည်း တိုးတက်လာခဲ့ခြင်းဖြစ်သည်။ ကုန်သွယ်မှုပြုလုပ်နေသည့် ကုမ္ပဏီများ၏ ပို့ကုန်၊ သွင်းကုန်များနှင့် ဒေသခံတောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် ထွက်ကုန်သီးနှံများကို စနစ်တကျသိုလှောင်၍ တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်ပြီး ပို့ကုန်ပမာဏမြှင့်တင်နိုင်ရေးအတွက် တမူးနယ်စပ်၌ ကုန်သွယ်ရေးဇုန်တည်ဆောက်ရန် လိုအပ်နေခြင်းဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/127776.html

## ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်တွင် ဩဂဲနစ်ကော်ဖီ ဧက ၂၅၀၀ ကို တိုးချဲ့စိုက်ရန် ပြင်ဆင်

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်တွင် ဩဂဲနစ်ကော်ဖီ ဧက ၂၅၀၀ ခန့်ကို တိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်လျက်ရှိကြောင်း ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။ လက်ရှိတွင် စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ GAP စနစ်ဖြင့် သီးနှံစိုက်ပျိုးလိုသူများကို ကြိုတင်သင်တန်းပေးလျက်ရှိပြီး၊ ဆက်လက်ကာ ရွှေညောင်ပင်သစ်သီးဥယျာဉ်ခြံအတွင်း လေ့ကားထစ်နည်းဖြင့် စိုက်ပျိုးထားသော လိုင်ချီး၊ ကျွဲကောလ်၊ မင်းကွတ် ထောပတ်၊ နာနတ်၊ ချဉ်ပေါင်ဖာလာ၊ လက်ဖက်၊ ကြက်မောက်သီး၊ လိမ္မော်၊ ဒူးရင်း စသည်တို့ကိုတိုးချဲ့ကာ ဩဂဲနစ်စနစ်ဖြင့် စိုက်ပျိုးနိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်းသိရသည်။ ဘားအံခရိုင်၊ သံတောင်ကြီးဒေသမှာ ဩဂဲနစ်ကော်ဖီ လျာထားဧကကို ပြည့်မီအောင်စိုက်နိုင်ဖို့ လာမယ့်နှစ်မှာ ကော်ဖီဧက ၂၅၀၀ တိုးချဲ့စိုက်နိုင်ဖို့ ကြိုတင်ဆောင်ရွက်ထားဖို့ဖြစ်တယ်။ ဒါ့အပြင်ဒေသမှာ တစ်ခြားသီးနှံတွေလည်း GAP အခြေခံပြီးတော့ စိုက်နိုင်ဖို့ ကြိုးပမ်းနေတယ်ဟု ပြည်နယ်ဦးစီးမှူး ဦးသန်းထိုက်ကပြောသည်။

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်၊ လိပ်သို၊ ဘောဂလိဒေသတွင် ဈေးကွက်လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေးနှင့် အရည်အသွေးမြင့်ကော်ဖီများ ဆက်လက်ထုတ်ပေးနိုင်ရေး၊ ဒေသခံများအလုပ်အကိုင်ရရှိရေး၊ ပြည်နယ်ထွက်ကော်ဖီတန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေးတို့ကို ရည်ရွယ်လျက်ရှိသည်။ ယင်းအပြင် သံတောင်ကြီးဒေသတွင် ကော်ဖီစိုက်ပျိုးဧက ၉,၅၀၀ ကျော်တွင် အသီးခူးဧက ၅၃၀၀ ခန့်သာရှိရာ အရည်အသွေးမြင့် ကော်ဖီပင်များစိုက်ပျိုးရန် လိုအပ်သောပျိုးပင်များနှင့် နည်းပညာများကို ကော်ဖီသုတေသနဌာနမှပညာရှင်များဖြင့် ဆောင်ရွက်ရန်လိုအပ်နေသည့်အပြင် ဒေသခံစိုက်ပျိုးသူအဖွဲ့များ၊ အသင်းအဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်နေကြောင်းသိရသည်။

ကော်ဖီသီးနှံဌာနခွဲမှ ကော်ဖီသီးနှံကဏ္ဍဖွံ့ဖြိုးရေးအတွက် နည်းပညာသင်တန်းများပို့ချခြင်း၊ ဝန်ထမ်းများနှင့် တောင်သူများအား ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု လက်စွဲစာစောင်များ၊ စာအုပ်များဖြန့်ဝေပေးခြင်း၊ ကော်ဖီသုတေသနရှိ ကော်ဖီအရည်အသွေးသတ်မှတ်နိုင်သည့် ဓာတ်ခွဲခန်းနှင့်မြေဆီလွှာဓာတ်ခွဲခန်းများအား အဆင့်မြှင့်တင်ခြင်း၊ ကော်ဖီလှော်စက်များအားဝယ်ယူခြင်း၊ ဒေသခံတောင်သူများအား ကော်ဖီထုတ်လုပ်မှုလုပ်ငန်းစဉ်များ၊ ရိတ်သိမ်းချိန်လွန် နည်းပညာများအပေါ် ကော်ဖီကြိတ်စက်ငယ်ဖြင့် လက်တွေ့သရုပ်ပြခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် ကော်ဖီတန်ချိန် ၇၀၀၀ ခန့်ထွက်ရှိပြီး၊ ၅၀ ရာခိုင်နှုန်းခန့်ကို ပြည်ပသို့တင်ပို့နေခြင်းဖြစ်သည်

**Source:** https://www.facebook.com/amiamyanmar/posts/2410537005698448?__tn__=K-R

## နိုင်ငံတကာ ဈေးကွက်သို့ မြန်မာ့ ထုတ်ကုန်ပစ္စည်းများ ထိုးဖောက်ဝင်ရောက် ရောင်းချနိုင်စေရေး ရည်ရွယ်ချက်များဖြင့် UMFCCI Centennial International Expo 2019 ကျင်းပမည်




မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) သည် နှစ်(၁၀၀) ပြည့် အထိမ်းအမှတ်အဖြစ် UMFCCI Centennial International Expo 2019 ပြပွဲကို စက်တင်ဘာ ၂၀ ရက်မှ ၂၂ ရက် အထိ ရန်ကုန်တိုင်းဒေသကြီး ၊ သာကေတမြို့နယ်ရှိ Fortune Plaza (Myanmar Expo) ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ UMFCCI Centennial International Expo 2019 ပြပွဲကို ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်များ အချိတ်ဆက်မိမိလုပ်ကိုင်နိုင်စေရေး ၊ နိုင်ငံတကာဈေးကွက်သို့ မြန်မာ့ထုတ်ကုန်ပစ္စည်းများ ထိုးဖောက်ဝင်ရောက်ရောင်းချနိုင်စေရေး ၊ ပြည်ပမှအရည်အသွေးမြင့် သွင်းကုန်ပစ္စည်းများ ပြည်တွင်းဈေးကွက်သို့ ရောက်ရှိလာနိုင်ရေးရည်ရွယ်ချက်တို့ဖြင့် ကျင်းပသွားမည်ဖြစ်သည်။ UMFCCI ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ဒီပြပွဲက မြန်မာနိုင်ငံရဲ့တိုင်းဒေသကြီး/ပြည်နယ်က ဒေသထုတ်ကုန်များကို နိုင်ငံတွင်းကနေတဆင့် ကမ္ဘာကသိအောင်ချပြခြင်းဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတကာကစီးပွားရေးမိတ်ဖက်တွေနဲ့ အတူတကွ ပူးပေါင်းပြီး နိုင်ငံအကျိုးစီးပွားတိုးတက်ရန် ပါဝင်ဆောင်ရွက်သွားကြမှာပါဟု ယနေ့ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ပြပွဲတွင် တရုတ် ၊ ဂျပန် ၊ ကိုရီးယား ၊ မလေးရှား ၊ ထိုင်း ၊ ဗီယက်နမ် ၊ တရုတ်(တိုင်ပေ) နှင့် ပြည်တွင်းလုပ်ငန်းရှင်များမှ မော်တော်ယာဉ်များ ၊ စက်ပစ္စည်းများ ၊ လျှပ်စစ်ပစ္စည်းများ ၊ ဆောက်လုပ်ရေး လုပ်ငန်းသုံး ပစ္စည်းများ ၊ အိမ်တွင်း အလှဆင်လုပ်ငန်းများ ၊ အလှကုန် ပစ္စည်းများနှင့် အဝတ်အထည်များ ၊ လက်ဝတ် ရတနာများ ၊ စားသောက်ကုန် ပစ္စည်းများ ၊ ယာဉ်အပိုပစ္စည်းများ ၊ သယ်ယူပို့ဆောင်ရေး ၊ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍတို့ ပါဝင် ပြသမည် ဖြစ်ကြောင်း

သိရသည်။ ပြပွဲကျင်းပရေးဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးမျိုးသန့်က ပြပွဲက ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များအတွက် ရင်းနှီးမြှုပ်နှံမှုနဲ့ စီးပွားရေးအခွင့်အလမ်းများ အကောင်းဆုံးရရှိလာနိုင်မှာပါ။ မြန်မာလုပ်ငန်းရှင်တွေရဲ့ ကိုယ့်ဒေသထွက်ကုန်များကို ဒီပွဲမှာ Highlight ပြသစေချင်လို့ပါ။ မြန်မာနိုင်ငံရဲ့ စီးပွားရေးအင်အားတောင့်တင်းခိုင်မာစေဖို့ အဓိကရည်ရွယ်တာပါဟု ပြောကြားခဲ့သည်။

ပြပွဲတွင် နိုင်ငံတကာမှ ကုန်ပစ္စည်းများအပါအဝင် မြန်မာနိုင်ငံရှိ ပြည်နယ်/တိုင်းများမှ အရည်အသွေးမီသော ဒေသထွက်ကုန်ပစ္စည်းများ (Value Added နှင့် Semi Finished Products)များကို ပြခန်းပေါင်း (၂၀၀) ကျော်ဖြင့် ပါဝင် ပြသသွားမည်ဖြစ်ပြီး တက်ရောက်သူပေါင်း ၃၀၀၀၀ မှ ၅၀၀၀၀ ကျော် ရှိနိုင်လိမ့်မည်ဟု မျှော်မှန်းထားကြောင်းသိရသည်။ ပြပွဲအခမ်းအနားတွင် ဆွေးနွေးပွဲများလည်း ထည့်သွင်းကျင်းပမည်ဖြစ်ပြီး အသင်းချုပ်အကြံပေးပုဂ္ဂိုလ် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် မြန်မာ့စီးပွားရေးကွန်ရက် (Myanmar Network for Sustainable Development (MNSD)၊ ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်က မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကနဦးခြေလှမ်းများ ("Economic Development Initiatives in Myanmar") စသည့်ဆွေးနွေးပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**Source:** http://xinhuamyanmar.com/business/local/24229-

## စတော့ရှယ်ယာဈေးကွက်အကြောင်း ပိုမိုသိရှိနားလည်စေရေးရည်ရွယ်၍ YSX Expo 2019 ကျင်းပ

စတော့ရှယ်ယာဈေးကွက်တွင် ရင်းနှီးမြှုပ်နှံသူအရေအတွက် ပိုမိုများပြားလာစေရေး ၊ စတော့ရှယ်ယာဈေးကွက်အကြောင်း အများပြည်သူတို့ ပိုမိုသိရှိနားလည်စေရေးစသည့်ရည်ရွယ်ချက်များဖြင့် YSX Expo 2019 အခမ်းအနားကို ရန်ကုန်မြို့၌ ယနေ့ တွင် တတိယအကြိမ်မြောက်အဖြစ် ကျင်းပခဲ့ကြောင်းသိရသည်။ အခမ်းအနားတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဌာန ဒုတိယ ဝန်ကြီး ဦးမောင်မောင်ဝင်းက ယခုအခါမှာ စတော့ရှယ်ယာဈေးကွက် ဖွံ့ဖြိုးတိုးတက်စေဖို အတွက် ရန်ကုန် စတော့အိတ်ချိန်းရဲ့ ငွေချေး သက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် ၊ စာရင်းဝင်ကုမ္ပဏီများ ၊ ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီများနဲ့ သက်ဆိုင်ရာဌာန ၊ အဖွဲ့ အစည်းအားလုံး ပူးပေါင်းပေါင်းစပ်ညှိနှိုင်းပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်ဟု ပြောကြားခဲ့သည်။ ယခုအခါတွင် ရန်ကုန် စတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီ ၅ ခုသည် ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီ ၆ ခုမှတဆင့် အရောင်းအဝယ်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ စတော့ရှယ်ယာများကို ရင်းနှီးမြှုပ်နှံသူများ ပို၍ အဆင်ပြေပြေ အရောင်းအဝယ်ဆောင်ရွက်နိုင်ရန် အွန်လိုင်းမှ အရောင်းအဝယ် trading ပြုလုပ်ခွင့် ခွင့်ပြု ပေးထားပြီးဖြစ်ကြောင်း ၊ ရန်ကုန်စတော့အိတ်ချိန်း၌ အရောင်းအဝယ်ပြုလုပ်သည့် matching time များကိုလည်း စတင်ဖွင့်လှစ်ချိန်က နစ်ကြိမ်သာလုပ်ခဲ့ရာမှ ယခုအခါ လေးကြိမ်တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း ၊ ထို့အတူ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေနှင့်အညီ နိုင်ငံခြားသားများ စတော့ရှယ်ယာရင်းနှီးမြှုပ်နှံမှုများပါဝင်ပြီး ရင်းနှီးမြှုပ်နှံနိုင်ရန်လည်း ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်းသိရသည်။ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရန်ကုန်စတော့အိတ်ချိန်းနှင့် ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီများ ၊ စာရင်းဝင်ကုမ္ပဏီများတိုးတက်ရေး ၊ အဖွဲ့အစည်းလိုက်ဖြစ်စေ တစ်ဦးချင်းဖြစ်စေ ရင်းနှီးမြှုပ်နှံသူများ တိုးတက်ရေး ၊ ရင်းနှီးမြှုပ်နှံသူများကို အပြည့်အဝကာကွယ်ပေးရေး ၊ အရင်းအနှီးဈေးကွက်ဆိုင်ရာ အသိပညာဗဟုသုတများ ဖြန့်ဝေရေးတို့ကို ဆက်လက်ပြီးကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့သည်။ ရန်ကုန်စတော့အိတ်ချိန်းမှ ကြီးမှူးကျင်းပသော YSX Expo 2019 အခမ်းအနားတွင် စတော့ရင်းနှီးမြှုပ်နှံမှုကို စိတ်ဝင်စားသော ရင်းနှီးမြှုပ်နှံသူများ အတွက် စာရင်းဝင်ကုမ္ပဏီများ၏ တာဝန်ရှိသူများမှ ၎င်းတို့ကုမ္ပဏီ၏လက်ရှိလုပ်ငန်းလည်ပတ်မှုအခြေအနေနှင့် ရှေ့လာမည့် အလားအလာများကို တင်ပြဆွေးနွေးခြင်းများပြုလုပ်ခဲ့ကြကြောင်းသိရသည်။ အခမ်းအနားတွင် Expert Talk အစီအစဉ်၌ စတော့ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်သည့် ဗဟုသုတများကိုမျှဝေခြင်း ၊ စကားဝိုင်းဆွေးနွေးပွဲများတွင် မြန်မာ့စတော့ ဈေးကွက် အတွင်း နိုင်ငံခြားသားများ ရှယ်ယာဝယ်ယူခွင့်ရရှိပြီးပါက ရရှိလာမည့်အကျိုးကျေးဇူးများကို ဆွေးနွေး ပြောကြားခြင်းများ ပြုလုပ်ခဲ့ကြောင်းသိရသည်။ ရန်ကုန်စတော့အိတ်ချိန်းကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၆ ခုနှစ် မတ်လ ၂၅ ရက် တွင် အရောင်းအဝယ်စတင်ပြုလုပ်ခဲ့ကာ YSX Expo ပွဲများကို ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် ပထမအကြိမ်စတင်ကျင်းပခဲ့ကြောင်းသိရသည်။

**Source:** http://xinhuamyanmar.com/business/local/24222-ysx-expo-2019

**Xinhuamyanmar**

## ကြုံတွေ့ရသောအခက်အခဲများ ဖြေရှင်းနိုင်ရေးအတွက် သကြားဖိုရမ်ပြုလုပ်မည်

မြန်မာနိုင်ငံအတွင်းရှိ ကြံစိုက်တောင်သူများနှင့်သကြားစက်ရုံများ ကြုံတွေ့နေရသည့် အခက်အခဲများကို ဖြေရှင်းနိုင်ရန် ရည်ရွယ်ပြီး သကြားဖိုရမ်တစ်ခုကို လာမည့် စက်တင်ဘာ ၁၀ ရက်နေ့နှင့် ၁၁ ရက်နေ့တို့တွင် နေပြည်တော်၌ ပြုလုပ် သွားမည်ဖြစ်သည်။ အရင်တုန်းက Re-export လို့ခေါ်တဲ့ ပြည်ပကနေဝင်တဲ့ သကြားတွေကလည်း တရုတ်ကမဝယ်တော့ တန်ချိန် တစ်သိန်းခြောက်သောင်းလောက် ပိုနေတာတွေရှိတယ်။ နောက်တစ်ခုက တရားမဝင်နယ်စပ်ကနေ ဝင်နေတာတွေ ရှိတယ်။ ဒါတွေကိုတော့ အကောက်အခွန်က တတ်နိုင်သလောက် လုပ်နေတယ်။ နောက်တစ်ချက်က ပြည်တွင်းသကြားသုံးတဲ့ လုပ်ငန်းရှင်တွေပေ့ါ ။ တချို့လုပ်ငန်းရှင်တွေက သူတို့ သုံးသလောက်ပဲဝယ်တယ်။ တချို့ကကြတော့ ပိုပိုလေးသွင်းပြီး ပြန်ရောင်းတယ်။ အဲ့ဒီလိုသကြားတွေပုံနေတော့ ရောင်းမရတဲ့အခက်အခဲတွေရှိတယ်ဟု မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိုးလင်းကပြောသည်။

မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့် အိန္ဒိယ၊ ထိုင်း၊ တရုတ် စသည့်နိုင်ငံများသည် ယခုနှစ်အတွင်း သကြား စံချိန်တင် ထွက်ရှိမှုများရှိနေ၍ မြန်မာနိုင်ငံ၏ သကြားတင်ပို့မှုများမှာ ဈေးကွက်မရှိခြင်းနှင့်တင်ပို့ရန်အခက်အခဲများ ဖြစ်ပေါ် နေခြင်းကို အဖြေရှာဖြေရှင်းနိုင်ရန်အတွက် သကြားဖိုရမ်ပြုလုပ်ရခြင်းဖြစ်သည်။ လက်ရှိတွင် သကြားစက်ရုံများ၌ သကြားများ ရောင်းမထွက်ခြင်းကြောင့် ငွေကြေးခက်ခဲမှုများ ဖြစ်ပေါ်နေခြင်းကြောင့် ကြံစိုက်တောင်သူများအား ငွေပေးချေရန်အတွက် အခက်အခဲများကြုံတွေ့နေရသလို ကြံဖိုးများပေးချေပြီးသည့် သကြားစက်ရုံများအနေဖြင့်လည်း လာမည့် ကြံစိုက်ရာသီအတွက် စိုက်ပျိုးစရိတ် ငွေကြိုထုတ်ပေးရန် အခက်အခဲများ ဖြစ်ပေါ်နေကြကြောင်း ၎င်းကပြောသည်။ အဆိုပါ အခက်အခဲများကို ဖြေရှင်းပေးနိုင်မည့် နည်းလမ်းရှာရန်အတွက် သကြားဖိုရမ် မကျင်းပမီအချိန်တွင် ကြံစိုက်တောင်သူများ ၊ သကြားစက်ရုံ လုပ်ငန်းရှင်များနှင့် အကြိုတွေ့ဆုံဆွေးနွေးမှုများလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

တကောင်း၊ ကသာ၊ ထီးချိုင့်၊ ရှမ်းမြောက်ဒေသတွင် ကြံတောင်သူများကို သကြားစက်ရုံမှ ကြိုတင်ငွေပေးချေခြင်းအား နှစ်စဉ် ဖွန်လတွင်ပေးလေ့ရှိသော်လည်း ယခုနှစ်တွင် သကြားများရောင်းချနိုင်ခြင်းမရှိသည့်အတွက် ကြိုတင်ငွေပေးမှုမှာ နှစ်လကျော် နောက်ကျခဲ့ကြောင်း ကြံစိုက်တာင်သူအချို့ထံမှသိရသည်။ ကျွန်တော်တို့ကလည်း ကြိုငွေလေးရမှအဆင်ပြေမှာ အခုက အကုန်နောက်ကျကြတယ်။ တရုတ်ဘက်က သကြားအဝယ်ရပ်သွားတာကြောင့် အခုလိုဖြစ်သွားတယ်။ ကျွန်တော်တို့က ကြိုငွေမရလို့ ကိုယ့်ရှိတဲ့ငွေလေးနဲ့စိုက်လည်း စက်ရုံတွေကဝယ်နိုင်ဦးမှလေ။ စက်ရုံတွေအဆင်ပြေမှ ကျွန်တော်တို့ အဆင်ပြေ မှာလေဟု ထီးချိုင့်မြို့နယ်မှ ကြံစိုက်တောင်သူ ဦးမြင့်ဦးကပြောသည်။ ကြံတောင်သူများကို ကြံဈေးနှုန်းသတ်မှတ်၍ တစ်ဧက လျှင် တန်၂၀ ထွက်နှုန်းဖြင့် တစ်တန်လျှင် တစ်သောင်းကျပ် ကြိုတင်ငွေပေးလေ့ရှိသော်လည်း ယခုနှစ်တွင် တစ်တန်လျှင် ရှစ်ထောင်ကျပ်ဖြင့်သာ ကြိုတင်ငွေပေးချေထားမှုများလည်းရှိကြောင်းသိရသည်။ လက်ရှိ မြန်မာနိုင်ငံတွင် ကြံစိုက်တောင်သူ ဦးရေ ငါးသိန်းကျော်ရှိပြီး လည်ပတ်နေသောသကြားစက်ရုံ ၂၂ ရုံရှိသည်။

**Source:** http://www.mizzimaburmese.com/article/60138

## ငါးခြောက်ဈေးနှုန်း အတက်အကျမရှိသော်လည်း ဝယ်သူနည်းတဲ့အတွက် အရောင်းအဝယ်အေးနေ

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြို့မဈေးကြီး ကုန်စိမ်းတန်းတွင်ရောင်းချလျက်ရှိသော ငါးခြောက်ဆိုင်များတွင် ငါးခြောက်ဈေးနှုန်း အတက်အကျမရှိသော်လည်း ဝယ်သူနည်းပါးနေပြီး အရောင်းအဝယ်အေးနေကြောင်း ငါးခြောက် အရောင်းအဝယ် လုပ်ကိုင်သူတစ်ဦးထံမှသိရပါတယ်။ ကျွန်မတို့က ငါးခြောက်ရောင်းလာတာကြာပါပြီ။ ရန်ကုန်ဘုရင့်နောင် ပွဲရုံကပဲ အဓိကယူရောင်းတယ်။ အခြားဒေသက ငါးခြောက်လည်း ယူရောင်းရတာပေ့ါ။ အခုအချိန်က အရောင်း အဝယ် သိပ်မကောင်းဘူး။ မိုးကာလလည်းဖြစ်တာကတစ်ကြောင်းသိရပါတယ်။ သွားလာရတာလည်း ခက်ခဲတာလေးတွေ လည်းရှိတော့ ဝယ်တဲ့သူသိပ်မရှိဘူး။ နှစ်စဉ်ဒီရာသီက အချို့ငါးတွေမဖမ်းရတော့ ဈေးတက်လေ့ရှိပါတယ်။ ကျွန်မတို့ ဆိုင်မှာ ကတော့ ငါးခြောက်ကို တစ်မိုးစာလောက် လုံလောက်အောင်လှောင်ထားတယ်။ ဒါမှလည်း ပုံမှန်ဈေးနဲ့ရောင်းချရတာ အဆင်ပြေတာပေ့ါဟု ဒေါ်သန်းသန်းယုကပြောကြားခဲ့ပါတယ်။

ငါးခြောက်များကို ရန်ကုန်ဘုရင့်နောင် ပွဲရုံ၊ ပဲခူး၊ ဒိုက်ဦး၊ ကသာ၊ ညောင်လေးပင်နှင့် မဒေါက်ဒေသတို့မှ သယ်ယူ ရောင်းချလျက်ရှိရာ ငါးရံ့ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ မှ ၄၀၀၀၀၊ ငါးဖန်းမတစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ မှ ၁၀၀၀၀ ၊ အာပဲ့ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ မှ ၁၀၀၀၀၊ ငါးပုတ်သင်လုံးတစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ မှ ၁၀၀၀၀၊ ငါးနီတူတစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ မှ ၁၀၀၀၀၊ ငါးတန်မျှင် တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ မှ ၈၀၀၀၊ လသာချို တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ မှ ၁၀၀၀၀၊ ငါးပြက်တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀၊ ငါးစင်ရိုင်း တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ မှ ၈၀၀၀၊ ပလာတူး တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ မှ ၄၀၀၀၊ ထိုင်လုံးထိုင်ကွဲ တစ်ပိဿာလျှင် ငွေကျပ်

၃၀၀၀ မှ ၄၀၀၀၊ ပုစွန်ပွခြောက်တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ မှ ၆၀၀၀၊ ပုစွန်အချိုခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀ မှ ၃၅၀၀၀ အထိ အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်းသိရပါတယ်။

**Source: Myawady**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2298-how-to-buy-dried-fish-is-not-based-on-price-fluctuations,-so-the-transaction-from-the-cold.html

## ငရုတ်သီးအစိမ်းကို အမှည့်ခံတင်ပို့နိုင်ရန် ကွင်းဆင်းဆောင်ရွက်နေ

ပြည်ပသို့ ငရုတ်သီးအစိမ်းများကို အမှည့်ခံတင်ပို့နိုင်ရန် စိုက်ပျိုးရာနေရာများသို့ အရောက်သွား၍ ကွင်းဆင်းဆောင်ရွက်နေကြောင်း ငရုတ်သီးဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်၏ပြောကြားချက်အရ သိရပါတယ်။ ငရုတ်သီးအစိမ်းအဓိကစိုက်ပျိုးသည့် နယ်မြေစိုက်ခင်းများသို့ကွင်းဆင်း၍ စိုက်ပျိုးတောင်သူများနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ကြရာ လက်ရှိတွင် နေပြည်တော်နှင့်ရမည်းသင်းမြို့နယ်တို့ရှိ ငရုတ်သီးအစိမ်းစိုက်တောင်သူများက ဆွေးနွေးချက်များကို လက်ခံကြကြောင်းသိရပါတယ်။ ငရုတ်သီးအစိမ်းကို အမှည့်ခံပြီးတင်ပို့နိုင်ဖို့ အမှည့်ထားတဲ့ နည်းပညာကို တောင်သူတွေသိအောင် ကွင်းဆင်းဆွေးနွေးပြီး နားလည်လာအောင် အသေးစိတ်ရှင်းလင်း ပြောပြပေးပါတယ်ဟု ဒေါ်ဥမ္မာကျော်က ပြောကြားခဲ့ပါတယ်။ နေပြည်တော်၊ ရမည်းသင်း၊ ပျော်ဘွယ်၊ ပြည်၊ အုတ်ဖို စသည့်ဒေသတို့၌ ငရုတ်သီးအစိမ်းကို အဓိကထားစိုက်ပျိုးလျက်ရှိပြီး ပြည်တွင်းမှထွက်ရှိသည့် ငရုတ်သီးအနီများကို ပြည်ပနိုင်ငံတို့က ဝယ်ယူလေ့ရှိကာ ဈေးကွက်ဝင်သီးနှံဖြစ်လာကြောင်းသိရပါတယ်။

မြန်မာ့ငရုတ်သီးကို တရုတ်၊ ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့သို့ တင်ပို့လေ့ရှိကာ နောက်ပိုင်းတွင် ယင်းနိုင်ငံများသည် ကောင်းမွန်၏သော စိုက်ပျိုးရေးအလေ့အကျင့်ဖြင့် စိုက်ပျိုးထားသော ငရုတ်သီးများကိုသာ လက်ခံတော့မည်ဖြစ်ကြောင်း သိရပါတယ်။ ပြည်တွင်း၌ ငရုတ်ကို ဧရာဝတီတိုင်းဒေသကြီးအပါအဝင်ကျောက်ဆည်၊ မြစ်သား၊ ဟန်မြင့်မိုရ်စသည့် ဒေသတို့၌ စိုက်ပျိုးလေ့ရှိကာ ကုန်းမြင့်ဒေသတို့၌ ဩဂုတ်လအတွင်း စတင်စိုက်ပျိုးပြီး မြေနိမ့်ဒေသများတွင် စက်တင်ဘာလအတွင်း စိုက်ပျိုးလေ့ရှိကြောင်းသိရပါတယ်။

**Source: Myawady**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2300-in-order-to-export-green-peppers-ripe-field-measurements.html

## STOCK EXCHANGE (2.9.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 2nd Sep. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +0 | +0.00% | 12,000 | 12,000 | 12,000 | 8,220 | 98,640,000 | 27,112,747 | 325,353 |
| MTSH | 00002 | 4,200 | +100 | +2.44% | 4,100 | 4,200 | 4,100 | 5,014 | 20,567,800 | 38,929,150 | 163,502 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 744 | 6,249,600 | 10,400,986 | 87,368 |
| FPB | 00004 | 25,500 | -500 | -1.92% | 26,000 | 26,000 | 25,500 | 63 | 1,612,000 | 2,472,053 | 63,037 |
| TMH | 00005 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,050 | 598 | 1,823,900 | 12,823,224 | 39,111 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 495.41 | +1.94 | +0.39% | 493.47 | 496.31 | 492.57 | 14,639 | 128,893,300 | 5 | 678,371 |

**Index chart**




# Market Overview

As of 1:00 pm, 2nd Sep. 2019

| MYANPIX | 495.41 ▲1.94 |
|---|---|
| Total Volume (shares) | 14,639 |
| Total Value (MMK) | 129 mil |
| Listed Company | 5 |
| Market Cap. (MMK) | 678,371 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲0 |
| MTSH | 00002 | 4,200 | ▲100 |
| MCB | 00003 | 8,400 | ▲0 |
| FPB | 00004 | 25,500 | ▼500 |
| TMH | 00005 | 3,050 | ▲0 |